# COVID-19

ဩစတင်ပြည်သူ့ကျန်းမာရေးဌာန (Austin Public Health) သည် တရုတ်နိုင်ငံ၊ ဟူဘေးစီရင်စု၊ ဝူဟန်မြို့တွင်
ပထမဆုံးစတင်တွေ့ရှိခဲ့သည့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် (အသစ်) တစ်မျိုး (COVID-19) ကြောင့်ဖြစ်သော ေ
ရာဂါဖြစ်ပွားမှုကို ဆက်လက်စောင့်ကြည့်နေပါသည်။

အမေရိကန်နိုင်ငံက ယင်းမှာ အများပြည်သူကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေဖြစ်သည်ဟု ေ
ကြညာထားသော်လည်း လက်ရှိအချက်အလက်များအရ သာမန်အမေရိကန်ပြည်သူများအတွက် COVID-19 ေ
ကြာင့်ဖြစ်လာနိုင်သည့် အရေးပေါ်ကျန်းမာရေးအန္တရာယ်မှာ ယခုအချိန်တွင် နည်းပါးသည်ဟု ယူဆထားပါသည်။

## ၎င်းရောဂါပိုးသည်မည်သို့ပြန့်ပွားသနည်း။

ကိုရိုနာဗိုင်းရပ်စ်သည် ရောဂါပိုးကူးစက်ခံထားရသူတစ်ဦးမှ
အခြားတစ်ဦးထံသို့ အများအားဖြင့် ေ
အာက်ပါနည်းလမ်းအတိုင်း ကူးစက်ပါသည်-

- ချောင်းဆိုးခြင်းနှင့် နှာချေခြင်းကြောင့် လေထဲသို့ ေ
ရာက်ရှိသွားသည့် အသက်ရှူလမ်းကြောင်းတွင်းမှ
အမှုန်အစက်များ
- ထိတွေ့ခြင်း သို့မဟုတ် လက်ဆွဲနှုတ်ဆက်ခြင်းကဲ့သို့
နီးနီးကပ်ကပ်လူချင်းထိတွေ့မှုများ
- ဗိုင်းရပ်စ်ရှိနေသော အရာဝတ္ထု သို့မဟုတ်
မျက်နှာပြင်တစ်ခုနှင့် ထိတွေ့ပြီးနောက် လက်မဆေးမီ
သင့်ပါးစပ်၊ နှာခေါင်း သို့မဟုတ် မျက်လုံးများကို
ထိတွေ့ခြင်း

## လက္ခဏာများ

ရောဂါကူးစက်ခံထားရသည်ဟု အတည်ပြုထားသော
လူနာများတွင် အောက်ပါလက္ခဏာများပါဝင်သည့်
အသက်ရှူလမ်းကြောင်းရောဂါ အပျော့စားမှ
အပြင်းစားအထိ ဖြစ်တတ်သည် -

- အဖျားတက်ခြင်း
- ချောင်းဆိုးခြင်း
- အသက်ရှူရခက်ခြင်း

သင်သည် ဤရောဂါလက္ခဏာများ ခံစားနေရပြီး ေ
ရာဂါလက္ခဏာစတင်ချိန်မှ ၁၄ ရက်အတွင်း တရုတ်၊ အီရန်၊ အီတလီ၊
ဂျပန် သို့မဟုတ် တောင်ကိုရီးယားနိုင်ငံများသို့ သွားရောက်ခဲ့ပါက
သင်၏ ကျန်းမာရေးစောင့်ရှောက်သူထံ ဆက်သွယ်ပါ။
ဖြစ်ပေါ်လာနိုင်သည့် မည်သည့်ရောဂါပြန့်နှံ့မှုကိုမဆို ကာကွယ်ရန်
သင့်ဆရာဝန်၏ ရုံးခန်း သို့မဟုတ် အရေးပေါ်ဌာနသို့ မသွားရောက်မီ
ကြိုတင်၍ ဖုန်းခေါ်ဆိုပါ။

## ကြိုတင်ကာကွယ်ခြင်း

ကူးစက်မှုကို ကြိုတင်ကာကွယ်နိုင်မည့်
အကောင်းဆုံးနည်းလမ်းမှာ ယင်းဗိုင်းရ
ပ်စ်နှင့်ထိတွေ့ခြင်းကို ရှောင်ရှားနိုင်ရန်
ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားခြင်းဖြစ်ပြီး ယင်းမှာ
တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ပြုလုပ်ရသည့်ကြိုတင်ကာ
ကွယ်မှုများနှင့် အလားတူပင်ဖြစ်ပါသည် -

- သင့်လက်ကို အနည်းဆုံးစက္ကန့် 20 ခန့်ကြာအောင်
ဆပ်ပြာ၊ ရေတို့နှင့် မကြာခဏဆေးပါ။
ဆပ်ပြာနှင့် ရေမရနိုင်ပါက အယ်လ်ကိုဟောပါဝင်သည့်
လက်ပိုးသန့်စင်ဆေးရည်တစ်ခုကို အသုံးပြုပါ
- သင့်မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့ကို
မဆေးကြောထားသော လက်နှင့်
ထိတွေ့ခြင်းကို ရှောင်ပါ
- နာမကျန်းဖြစ်နေသူများနှင့်
နီးနီးကပ်ကပ်ထိတွေ့ခြင်းကို ရှောင်ပါ
- သင်နေမကောင်းဖြစ်နေပါက အိမ်တွင်နေပါ
- တစ်ရှူးတစ်ခုဖြင့် အုပ်၍ချောင်းဆိုးပါ၊ နှာေ
ချပါ။ ပြီးလျှင် တစ်ရှူးကို အမှိုက်ပုံးထဲသို့ ပစ်ပါ
- မကြာခဏထိတွေ့လေ့ရှိသော
အရာဝတ္ထုများနှင့် မျက်နှာပြင်များကို
သန့်စင်ပြီး ပိုးသတ်ပါ

ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ ဝင်ရောက်ကြည့်ရှုပါ -

www.DSHS.Texas.gov/Coronavirus/

2/28/2020 3:30pm